


# ဝေမှုးသွင်

ရုတ်တရက် သစ်ကိုင်းကျိုးသံ
မိုးကြိုးပစ်သံ
ဘယ်အရာကမှ
မင်းအချစ်လောက် မခမ်းနားဘူး။

# အချစ်အကြောင်း

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပင်ဝါးရုံစာပေ
အခန်း ၄၀၁၊ တိုက် ၂၂၂၊ စံပယ်မာဃလမ်း၊
ဟံသာရိပ်မွန်အိမ်ရာ၊ ဆင်မလိုက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၅၀၁၆၆၃ လိုင်းခွဲ ၄၅၉

# ဝေမျှူးသွင်
## အချစ်အကြောင်း

# အမှာစာ

။ ၁ ။

ပထမဦးဆုံး ကျွန်တော်ပြောချင်တာက မတော်တဆမှုတစ်ခု အကြောင်း ပါ။ ကမ္ဘာကြီးကို ပြောင်းလဲပစ်ခဲ့တဲ့အထိ မတော်တဆမှုတချို့ဟာ လူ့သမိုင်း မှာ အရေးကြီးခဲ့ဖူးပါတယ်။

အက်ဒီဆင်က လျှပ်စစ်မီးကို မတော်တဆ တွေ့ခဲ့တယ်။ ဂျိမ်းဝပ်က ရေနွေးငွေ့ရဲ့ အစွမ်းသတ္တိကို မတော်တဆ တွေ့မြင်သဘောပေါက်ခဲ့တယ်။ နယူတန်က ပန်းသီးကြွေကျခြင်းကို မြင်ခဲ့ရာမှ ကမ္ဘာမြေကြီးရဲ့ဆွဲအားကို မတော်တဆ စဉ်းစားဖော်ထုတ်နိုင်ခဲ့တယ်။

ဟုတ်ပါပြီ။ ကျွန်တော်ကတော့ ထိုပုဂ္ဂိုလ်ကြီးများကဲ့သို့ မကြီးကျယ် သော်လည်း ကျွန်တော့်မှာလည်း မတော်တဆဖြစ်ခွင့် ရှိတယ်လို့ ပြောလို ရင်းပါ။ ရည်ရွယ်ချက်ရှိရှိနဲ့ ကျွန်တော်က စာရေးဆရာ၊ ကဗျာဆရာဘဝကို ရွေးချယ်ခဲ့သော်လည်း ဝတ္ထုတချို့နဲ့ ကဗျာတချို့ကို မတော်တဆ ရေးမိခဲ့ပါ

တယ်။ အခု ဒီကဗျာတွဲဟာ အဲဒီ မတော်တဆမှု တချို့ထဲက တစ်ခုပါ။ ဘာပဲဖြစ်ဖြစ် ကျေနပ်စရာပါ။ ပျော်ရွှင်စရာပါ။

။ ၂ ။

ကျွန်တော့်ရဲ့ ကဗျာဆရာဘဝကို တင်ဆက်တဲ့အခါ လူတန်းစေ့ အနုပညာဖြစ်ဖို့၊ ငွေကြေးနဲ့ အပေါ်စားကျော်ကြားမှုများကို မေ့ထားဖို့၊ သတ္တိရှိရှိ စဉ်းစားတွေးခေါ်ဖို့ အမြဲဆင်ခြင်ခဲ့ပါတယ်။

ဒီတစ်ခါလည်း လွယ်ကူပေါ့ပါးသော တန်ဖိုးများကို ပစ်ချလိုက်ပါရဲ့။ သဘောတူသူ၊ သဘောမတူသူ အားလုံးကို ကျွန်တော်မျှော်လင့်ထား ပါတယ်။

။ ၃ ။

နောက်တစ်ချက်က ဒီကဗျာများအတွက် ကျွန်တော့်သွေးကြောထဲက အနီရောင်မိန်းမတစ်ယောက်ကို ကျေးဇူးတင်ပါတယ်။ မဂ္ဂဇင်းတွေမှာ ပုံနှိပ်ဖော်ပြပေးခဲ့ကြတဲ့ အယ်ဒီတာများကိုလည်း ကျေးဇူးတင်ပါတယ်။